သင်ထောက်ကူပစ္စည်းတွေ လုံလောက်မှုမရှိတဲ့ စိန်ခေါ်မှုတွေများစွာပြည့်နက်နေတဲ့ ကျောင်းတွေ စာသင်ခန်းတွေမှာ စာသင်ကြားနေရတဲ့ ဆရာ/မ များစွာရှိပါတယ်။ ဒါပေမယ့် ကောင်းမွန်တဲ့ သင်ကြားသင်ယူရေးပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်တော့မယ်ဆိုရင် ပံ့ပိုးမှုအားကောင်းမှတို့ အရင်းအမြစ်လုံလောက်မှတို့ဆိုတဲ့ အချက်တွေပေါ် ပဲ မူတည်နေတာမဟုတ်ပါဘူး။ ဒီဗီယိုမှာဆိုရင် ကျွန်တော်တို့ ရွှေ့ပြောင်းကျောင်းတစ်ကျောင်းမှာစာသင်ကြားနေတဲ့ ဆရာမမိုးမိုးဦးကသူ့ရဲ့အနီးအနားမှာပဲ ရှိတဲ့ အရင်းအမြစ်တွေကိုအပဲသုံးပြုပြီးတော့ အပြုသဘောဆောင်တဲ့သင်ကြားသင်ယူရေးပတ်ဝန်းကျင်တစ်ခုကို ဘယ်လိုဖော်ဆောင်သွားသလဲဆိုတာကိုတွေ့ရမှာဖြစ်ပါတယ်။ဆရာမကဒီကျောင်းသားတွေနဲ့အပြုသဘောဆော င်တဲ့ အင်ကြားသင်ယူမှုပတ်ဝန်းကျင်တစ်ခုကိုဖန်တီးဖို့အတွက်အပြန်အလှန်နှုတ်ဆက်ခြင်းနဲ့စာသင်ခန်းကို စတင်လိုက်တာကိုတွေ့ရမှာဖြစ်ပါတယ်။

“ကဲအားလုံးထမယ်အရင်ဦးဆုံး နှုတ်ဆက်ကြမယ်” “......... ကဲပြန်ထိုင်ကြပါ။”
“မနေ့က ဆရာမတို့ ပစ္စည်းတွေအကြောင်း သင်တယ်မို့လား။ ကဲ....မြှားကို အင်္ဂလိပ်လို ဘယ်လိုစာလုံးပေါင်းလဲ။”
“A-R-R-O-W”
"ခွက် ကိုပေါင်းတာ ဘယ်သူသိလဲ။ တကယ်လို့ သိတဲ့သူရှိရင် လက်ပဲထောင်ပြပါ။ အဲဒါကို ဘယ်လိုစာလုံးပေါင်းရတယ်ဆိုတာ ကျွန်တော်သိပါတယ်။ C-U-P ပါ။ Cats ၊ MONKEYS နဲ့ SNAKES ဆိုတဲ့စာလုံးတွေကို ဘယ်လိုပေါင်းရလဲ ကျွန်တော်/ကျွန်မသိပါတယ်၊ ပြီးတော့ SCORPIONS ကိုဘယ်လို စာလုံးပေါင်းရလဲဆိုတာလည်းသိပါတယ်။ H-O-R-S-E ကိုအတူတူ စာလုံးပေါင်းကြည့်ကြရအောင်။”

သင်ခန်းစာအစမှာ ဆရာမ မိုးမိုးဦးက ကျောင်းသား/သူတွေကို အပြန်အလှန်နှုတ်ဆက်ပါတယ်။ ပြီးတော့ အရင်သင်ခဲ့တဲ့ သင်ခန်းစာကို ပြန်ပြီးတော့ ဆွေးနွေးကြပါတယ်။ ပြီးတော့မှ ဒီသင်ခန်းစာ မစခင်မှာကျောင်းသား/သူတွေ အရင် သိရှိထားပြီးတဲ့ ဗဟုသုတတွေနဲ့ အခုသင်မဲ့ သင်ခန်းစာအသစ်မှာပါတဲ့ ဗဟုသုတတွေကို ချိတ်ဆက်ပြီး သွားတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဆရာမက ပြီးတော့မှ သူပြင်လာတဲ့ သင်ခန်းစာအစီအစဉ် အတိုင်း တိရိစ္ဆာန်တွေရဲ့အမည်တွေကို ရုပ်ပုံစာလုံးကပ်တွေကို အသုံးပြုပြီး သင်ပေးသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆရာမက သင်ထောက်ကူပစ္စည်းတွေကို သူကိုယ်တိုင်လုပ်ခဲ့တာပါ။ဒီ တိရိစ္ဆာန်လေးတွေရဲ့ပုံလေးတွေကို သူအင်တာနက်မှာရှာတယ်။ ပြီးတော့မှ ရုပ်ပုံစားလုံးကပ်လေးတွေကို အသုံးပြုပြီးတော့ သင်ကြားသွားတာဖြစ်ပါတယ်။
“အခု ဆရာမတို့ ကစားနည်းတစ်ခုလောက် ကစားရအောင်။ ဒီကစားနည်းကို ဘယ်လိုကစားရမလဲဆိုတာကို ဆရာမ ရှင်းပြမယ်။ အခု ဘာပြောတယ်ဆိုတာကို နားထောင်မယ်။ ၁.... ၂......၃… DUCK! ဒီအုပ်စုက ပိုပြီးမြန်ပါတယ်။”

ဆရာမက သူကိုယ်တိုင်လုပ်ထားတဲ့ ရုပ်ပုံစာလုံးကပ်တွေကို သုံးပြီး အဖွဲ့လိုက် လှုပ်ရှားရှားမှုတွေကို လုပ်ခဲ့ပါတယ်။ ကျောင်းသား/သူတွေကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့နဲ့ တစ်ဖွဲ့ပြိုင်ကြတဲ့ လှုပ်ရှားမှုကို အသုံးပြုခဲ့ပါတယ်။ ကျောင်းသူ/သားတွေ သင်ကြားရေးမှာ ပိုပြီးတက်တက်ကြွကြွနဲ့ ပါဝင်နိုင်အောင် သူတို့သင်ခဲ့တဲ့ အရာအပေါ် ကို နားလည်သဘောပေါက်ပြီး ပြန်လည်အသုံးချနိုင်စေဖို့အတွက်ဖြစ်ပါတယ်။ လှုပ်ရှားမှုတစ်ခုချင်းစီ မစတင်မီ ရှင်းလင်းတဲ့ လမ်းညွှန်ချက်များကို ဆရာမကပေးသွားတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။

ကျောင်းသားတွေရဲ့ မတူညီတဲ့ သင်ယူမှုပုံစံနဲ့ စွမ်းရည်တွေအလိုက် မတူညီတဲ့ လှုပ်ရှားမှုအမျိုးမျိုးကို ဆရာမမိုးမိုးဦးက သင်ကြားရေးမှာ ထည့်သွင်းအသုံးပြုသွားပါတယ်။အဲလိုပြုလုပ်ခြင်းကြောင့်လဲ ကျောင်းသားတွေရဲ့မတူကွဲပြားတဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးနိုင်တာဖြစ်ပါတယ်။လှုပ်ရှားမှုတစ်ခုစီတိုင်းအတွက်လဲ ဆရာမက ညွှန်ကြားတွေကို ရှင်းရှင်းလင်းလင်းပေးသွားတာကို တွေ့ရမှာဖြစ်ပါတယ်။

"ခန့်မှန်းကြည့်မယ်။ ဒါကဘာအကောင်ဖြစ်နိုင်လဲ။ ခွေး D-O-G. ကဲနောက်တစ်ယောက်- ဆိတ် G-O-A-T။"

ဒီဗီဒီယိုထဲမှာ စာသင်ခန်းက နေရာကျဉ်းပြီး အခြားအခန်းတွေရဲ့ ဆူညံသံတွေကို ကြားနေရမှာဖြစ်ပါတယ်။ဒါပေမဲ့ ကောင်းမွန်းတဲ့ သင်ကြား သင်ယူမှုပတ်ဝန်းကျင်ကို ဖော်ဆောင်ချင်နေတဲ့ ဆရာမတစ်ယောက်အတွက် ဒီဆူညံ့သံတွေက အတားအဆီးမဖြစ်ခဲ့ ပါဘူး။ဆရာမဟာ သူမှာရှိတဲ့ အရင်းအမြစ်တွေကို ထိရောက်စွာအသုံးပြုပြီးတော့ စူရဲ့သင်ခန်းစာရည်ရွယ်ချက်ပေါက်မြောက်အောင် အာရုံစိုက်လုပ်ဆောင်သွားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဆရာ/မ တို့ကော ဒီဗီဒီယို ကြည့်နေပြီးတော့ ဆရာမမိုးမိုးဦးရဲ့သင်ခန်းစာမှာ အခြားအပြုသဘောတောင်တဲ့ ဘယ်အချက်တွေကို သတိထားမိတာ ရှိပါသလဲ။ပြီးတော့ဒီသင်ခန်းစာကို ကော ဒိထက်တိုးတက်အောင် ဘယ်လိုအကြံဉာဏ်တွေပေးနိုင်ပါသလဲ။နောက်ပြီးတော့ မိမိတို့ရဲ့ပတ်ဝန်းကျင်မှာကော ဒီဗီဒီယိုထဲမှာ ပါတဲ့ အကြောင်းအရာတွေကို အသုံးပြုပြီးတော့ ပြန်လည်အသုံးချနိုင်မယ်လို့ ထင်ပါသလား။